Myanmar Centre for Responsible Business

သို့

၁။ ဥက္ကဋ္ဌ၊ အမျိုးသားမြေအသုံးချမှုကောင်စီ ၊ နေပြည်တော်

၂။ ဥက္ကဋ္ဌ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၊ နေပြည်တော်။

နေ့စွဲ။ ။၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလ၊ (၁၀) ရက်နေ့

**အကြောင်းအရာ။ ။၂၀၁၈ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေသည် တာဝန်ယူမှုရှိသော ရင်းနှီးမြုပ်နှံမှုအပေါ် အကျိုးသက်ရောက်နိုင်မှုအတွက် စိုးရိမ်ပူပန်ခြင်း။**

မြေလွတ်၊ မြေလပ်၊ မြေရိုင်းများအား ဗဟိုကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အသုံးပြုနေသူများသည် ၂၀၁၉ ခုနှစ် မတ်လ မတိုင်ခင် ပါမစ်လျှောက်ထားရမည်ဟူ၍ ၂၀၁၈ ခုနှစ် အောက်တိုဘာလ ၃၀ ရက်နေ့၌ ထုတ်ပြန်ခဲ့ခြင်း နှင့် ပတ်သက်၍ ကျွန်မတို့၏ စိုးရိမ်ပူပန်မှုများကို ဖော်ပြရန် ဤစာအား ရေးသားရခြင်း ဖြစ်ပါသည်။ ၎င်းထုတ်ပြန်ချက်သည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေကို ပြန်လည်ပြင်ဆင်သည့် ဥပဒေ၏ ပုဒ်မ ၂၂ (ခ) ကို ရည်ညွှန်းထားခြင်းဖြစ်သည်။ ၂၀၁၃ ခုနှစ်ကတည်းက မြန်မာနိုင်ငံ၌ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအား မြှင့်တင်ပေးရန် ဆောင်ရွက်လျက်ရှိသည့် မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန(MCRB)၏ အတွေ့အကြုံများအပေါ် အခြေခံ၍ ဤစာအား ရေးသားထားခြင်း ဖြစ်ပါသည်။

MCRB သည် မြေလွတ်၊ မြေလပ်၊ မြေရိုင်းစီမံခန့်ခွဲမှု ဥပဒေကို အတည်ပြုသည့် အချိန်နှင့် ပြန်လည် ပြင်ဆင်သည့် အချိန်တိုင်အောင်ဖြစ်ပေါ် ခဲ့သည့် တိုးတက်ပြောင်းလဲမှုများအား လေ့လာစောင့်ကြည့်ခဲ့ပြီး တောင်သူလယ်သမားအဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများမှ တင်သွင်းခဲ့သောစာများ၌ ပါဝင်သကဲ့သို့ပင် စိုးရိမ်ပူပန်မှုများရှိပါသည်။ MCRB တည်ထောင်ခဲ့သည့် အချိန်မှစတင်၍ ကျွန်မတို့နှင့် လက်တွဲလုပ်ကိုင်သည့် တာဝန်ယူမှုရှိသောရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီအများစုမှ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံရာတွင် လူ့အခွင့်အရေးဆိုင်ရာ အကြီးမားဆုံးသော အန္တရာယ်(risk)များအနက် မြေယာကိစ္စသည် တစ်ခုအပါအဝင်ဖြစ်ပြီး ဤသည်မှာ ၎င်းတို့၏ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံလိုချင်စိတ်ကို လျော့ပါးစေသော အကြောင်းတစ်ရပ်ပင်ဖြစ်သည်။

၂၀၁၅ ခုနှစ်တွင် MCRB သည် မြေယာအခွင့်အရေးများဆိုင်ရာ အနှစ်ချုပ်စာတမ်းကို ထုတ်ဝေခဲ့ပြီး၊ ယင်းစာစောင်တွင် စီးပွားရေးလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် မြေယာကိစ္စရပ်များနှင့် စပ်လျဉ်း၍ လူအခွင့်အရေးများ

Myanmar Centre for Responsible Business, No.6 (A), Shin Saw Pu Road, Kayin Chan Ward,
Ahlone Township, 11121 Yangon, Myanmar. Tel/fax: +95 (0)1 512613
info@myanmar-responsiblebusiness.org www.myanmar-responsiblebusiness.org

ထိခိုက်မှုမရှိစေရန် အလေးထားလုပ်ဆောင်ရမည့် လုပ်ငန်းစဉ် (due diligence) လုပ်ဆောင်ပါက မည်သို့လုပ်ဆောင်သင့်သည်ဟူသော အကြံပြုချက်များအပြင် နိုင်ငံတကာစံနှုန်းများနှင့်အညီ တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံမှုများပြုရာတွင် သတိပြုရမည့် အကြောင်းအရာများနှင့် သက်ဆိုင်သည့် အကြံပြုချက်များလည်း ပါဝင်သည်။ MCRB ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းကဏ္ဍ၊ ခရီးသွားလုပ်ငန်းကဏ္ဍ၊ အိုင်စီတီ လုပ်ငန်းကဏ္ဍ၊ သတ္တုတွင်းလုပ်ငန်းကဏ္ဍ၊ ဆီအုန်းလုပ်ငန်းကဏ္ဍရှိ သက်ရောက်မှုများအား လေ့လာဆန်းစစ်ခြင်း (SWIA)တွင်လည်း မြေယာသိမ်းယူခြင်းနှင့် ဆက်စပ်သည့် လူ့အခွင့်အရေးသက်ရောက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည်ကိုတွေ့ရှိရပြီး ဤအချက်မှာ စီးပွားရေးလုပ်ငန်းများနှင့် ဒေသခံရပ်ရွာလူထုအတွက်လည်း အဓိကစိုးရိမ်ပူပန်ရသည့် အကြောင်းအရာတစ်ရပ်ဖြစ်နေသည်။ စီးပွားရေးလုပ်ငန်းများသည် မြေယာပိုင်ရှင်များနှင့် မြေယာအသုံးပြုသူများ၏ အခွင့်အရေးများကိုလည်း လေးစားရန် တာဝန်ရှိသည်။

၂၀၁၈ ခုနှစ် မေလ၌ မြေယာအနှစ်ချုပ်စာတမ်း၌ လက်ရှိဖြစ်ပေါ်နေသည့် မြေယာကိစ္စများအား ထည့်သွင်းနိုင်ရန် ကဏ္ဍစုံရှိ ပတ်သက်ဆက်နွယ်သူများ ပါဝင်သည့်တိုင်ပင်ဆွေးနွေးပွဲကို ကျင်းပခဲ့ပြီး ဤဆွေးနွေးပွဲသို့ စီးပွားရေးလုပ်ငန်းများနှင့် ၎င်းတို့ကိုကိုယ်စားပြုသည့် အပြည်ပြည်ဆိုင်ရာ ဥပဒေအကြံပေးအဖွဲ့များမှလည်း တက်ရောက်ခဲ့ကြသည်။ ပွဲတက်ရောက်လာသူများမှ ရှေ့နေ တစ်ယောက်သည် **“မြန်မာနိုင်ငံမှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေအတွက် မြေယာက အကြီးမားဆုံး စိန်ခေါ်မှုတွေထဲကတစ်ခုပဲ။ ကုမ္ပဏီတွေက မြေယာပိုင်ဆိုင်မှုနဲ့ ပတ်သက်ပြီး မသေချာမှုတွေ၊ မြေသိမ်းယူခြင်းဆိုတဲ့ အတိတ်ကနာမည်ဆိုးကြောင့် များပြားလှတဲ့ တာဝန်တွေရှိနေတယ်ဆိုတဲ့ အမြင်နဲ့ လက်လျှော့သွားကြတယ်”**ဟု မျှဝေပေးခဲ့သည်။

ပွဲတက်ရောက်လာခဲ့သည့် အခြားသူများမှလည်း အမျိုးသားမြေအသုံးချမှု မူဝါဒတွင် ပါရှိသည့်အတိုင်း အားလုံးလွှမ်းခြုံမှုရှိသည့် မြေယာအခွင့်အရေး ဥပဒေတစ်ရပ်အား ရေးဆွဲကျင့်သုံးခြင်းမပြုဘဲ လက်ရှိ ရှိရင်းစွဲ ဥပဒေများအား ပြင်ဆင်ခြင်းအားဖြင့် ဓလေ့ထုံးတမ်းအရ မြေယာအခွင့်အရေးများကဲ့သို့သော ကိစ္စရပ်များအား ဖြေရှင်းရန် ခက်ခဲမည်ဟုတင်ပြခဲ့ကြသည်။ မြေယာပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ သတင်းအချက်အလက်များ မရှိခြင်းနှင့် ယုံကြည်အားကိုးရသည့် cadaster စနစ်မရှိခြင်းအစရှိသည့် အခြားသော စိုးရိမ်ပူပန်စရာများကိုလည်း မျှဝေပေးခဲ့ကြသည်။ ဤသို့သော စိုးရိမ်ပူပန်မှုများနှင့် စပ်လျဉ်း၍ ၎င်းတို့အသုံးပြုရန် ရည်ရွယ်သည့်မြေသည် ဓလေ့ထုံးတမ်းအရ ရေရှည်ပိုင်ဆိုင်မှု (သို့) အသုံးပြုမှု အခွင့်အရေးရှိသူများအား အသိအမှတ်ပြုပေးခြင်း သို့မဟုတ် ထိုပိုင်ဆိုင်ခွင့်များအရ သင့်တော်သည့် လျော်ကြေးပေးခြင်းရှိ၊ မရှိစသည့် နောက်ခံအခြေအနေများကို ဖော်ထုတ်

နိုင်ခြင်းမရှိသည့်အတွက်ကြောင့် မြန်မာနိုင်ငံရှိ အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများ (သို့) တိုးချဲ့ခြင်းများအား ရပ်ဆိုင်းထားရခြင်းများလည်းရှိသည်။

ထို့အပြင် စီးပွားရေးလုပ်ငန်းများ အနေဖြင့် တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံရန်နှင့် လူ့အခွင့်အရေးအား လေးစားလိုက်နာရန် မြန်မာအစိုးရမှ လူ့အခွင့်အား ကာကွယ်ပေးရမည့်တာဝန်ကို ကျေပွန်ရန်လိုအပ်ပါသည်။ မြန်မာအစိုးရသည် International Covenant on Economic, Social and Cultural Rights (ICESCR) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အား ၂၀၁၇ ခုနှစ်၌ သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အကျိုးဆက်အနေဖြင့် မြန်မာနိုင်ငံရှိ ဥပဒေသည် ဤသဘောတူစာချုပ်နှင့် ကိုက်ညီရမည်ဖြစ်သည်။ လက်ရှိအချိန်၌ မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေနှင့် ၁၈၉၄ မြေသိမ်းအက်ဥပဒေအား အစားထိုးမည့် အဆိုပြုဥပဒေမူကြမ်း အပါအဝင် မြန်မာနိုင်ငံရှိ မြေယာဥပဒေများ၊ ၎င်းဥပဒေများအား ပြင်ဆင်ချက်များသည် အဆိုပါ ICESCR ၏ လိုက်နာရမည့် တာဝန်များနှင့် ကိုက်ညီမှု မရှိပါ။ ဤအချက်ကြောင့် တာဝန်ယူမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများအပြင် တရားဝင်နှင့် ဓလေ့ထုံတမ်းအရ မြေအသုံးပြုသူများအတွက်ပါ ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။

အသစ်ပြင်ဆင်ထားသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေနှင့် ဆက်လျဉ်း၍ အခြားသောအဖွဲ့အစည်းများ စိုးရိမ်ပူပန်သလို ကျွန်မတို့လည်း စိုးရိမ်ပူပန်မိပါသည်။ ကျွမ်းကျင်သူများ၏ သုံးသပ်ချက်များအရ အဆိုပါဥပဒေသည် လူ့အခွင့်အရေး သက်ရောက်နိုင်မှုများရှိနိုင်သောကြောင့် ဤဥပဒေ ပြင်ဆင်အကောင်အထည်ဖော်ရေးကို ဆိုင်းငံ့ရပ်ဆိုင်းသင့်သည်ဟု ကျွန်မတို့ယုံကြည်ပါသည်။ မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေ အပါအဝင် မြေယာနှင့် ဆက်စပ်သောအခြားဥပဒေမူကြမ်းများကိုလည်း မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော ပဋိညာဏ်စာချုပ်များပါ တာဝန်ဝတ္တရားများနှင့် အညီသော်လည်းကောင်း၊ ၂၀၁၆ ခုနှစ် အမျိုးသား မြေယာအသုံးချမှု မူဝါဒနှင့် ကိုက်ညီစေရန်လည်းကောင်း ရေးဆွဲရမည်ဖြစ်ပါသည်။

မကြာသေးခင်ကလည်း အဆိုပါရည်ရွယ်ချက်နှင့်အညီ ၁၈၉၄ခုနှစ် မြေသိမ်းအက်ဥပဒေကို ပြင်ဆင်ရေးဆွဲထားသည့် ဥပဒေကြမ်းနှင့် ပတ်သတ်ပြီး ကျွန်မတို့ MCRB က အကြံပြုချက်များပေးထားပါသည်။ ဤဥပဒေသည် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများအတွက် အဓိကစိုးရိမ်ရသော ဥပဒေတစ်ရပ်လည်းဖြစ်ပါသည်။ ပြန်လည်ပြင်ဆင်ထားသော အခွင့်အရေးများ အကာကွယ်ပေးမည့် မြေယာဆိုင်ယာ မြန်မာဥပဒေမူဘောင်သည် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ပံ့ပိုးပေးနိုင်မည်ဟု ကျွန်မတို့

Myanmar Centre for Responsible Business

ယုံကြည်ပါသည်။ မြန်မာနိုင်ငံရှိ မြေယာအတွက် ဥပဒေနှင့် မူဝါဒရေးရာတာဝန်ရှိသူများသည် ဤရည်မှန်းချက်အား ပုံဖော်နိုင်မည်ဟု မျှော်လင့်သလို အောင်မြင်ပါစေဟု ကျွန်မတို့ ဆုမွန်ကောင်း တောင်းပေးလိုက်ပါသည်။

လေးစားစွာဖြင့်

ဗစ်ကီဘိုမန်
ဒါရိုက်တာ
မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန

မိတ္တူကို

၁။ နာယက၊ ပြည်ထောင်စုလွှတ်တော်၊ နေပြည်တော်
၂။ ဥက္ကဌ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်
၃။ ဥက္ကဌ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်
၄။ ဥက္ကဌ၊ ပြည်ထောင်စု ဥပဒေ နှင့် အထူးကိစ္စရပ်များစုံစမ်းစစ်ဆေးရေး ကော်မရှင်၊ နေပြည်တော်
၅။ တောင်သူလယ်သမားရေးရာ ကော်မတီ၊ အမျိုးသားလွှတ်တော်၊ နေပြည်တော်
၆။ တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာ ကော်မတီ၊ ပြည်သူ့လွှတ်တော်၊ နေပြည်တော်
၇။ ဥပဒေကြမ်းကော်မတီ၊ အမျိုးသားလွှတ်တော်
၈။ ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့လွှတ်တော်